## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ်
## ကော်သူးလေ

www.knuhq.org

နေ့ရက်။ ။ နိုဝင်ဘာလ ၁၀ ရက်၊ ၂၀၁၈ ခုနှစ်။

# ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ (၆) ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးမှ သဘောထားထုတ်ပြန်ချက်

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(KNU)၏ (၆) ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ် အစည်းအဝေး ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့ထိ ဘားအံခရိုင်၊ လေးဝါးတွင် ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ ဗဟိုအမြဲတမ်းကော်မတီဝင်များ၊ ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်မှ ကိုယ်စားလှယ် တပ်မှူးကြီးများနှင့် အထူးဖိတ်ကြားထားသူများ၊ စုစုပေါင်း (၈၈) ဦး တက်ရောက်ခဲ့ကြသည်။

(၆) ကြိမ်မြောက် အရေးပေါ်အစည်းအဝေးမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၁၅-၁၆) ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းခေါင်းဆောင်များ၏ သီးသန့် အစည်းအဝေး အခင်းအကျင်းဖြစ်စဉ် နှင့် သဘောတူညီချက်များအား သုံးသပ်ခဲ့ကြသည်။ အထူးသဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည် ဖော်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ခဲ့ကြသည်။

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သော Stakeholder များအနေဖြင့် NCA အပေါ် နားလည်မှုများ ကွဲလွဲနေသည်များ ရှိရာ ၎င်းကိုဖြေရှင်းရန်ထက် ရှောင်ကွင်းပြီး မိမိနားလည်သလို အကောင်အထည် ဖော်နေသော ကြောင့် ရှုပ်ထွေးမှုများ ဆင့်ကဲဖြစ်ပေါ်နေပါသည်။ တစ်ဖက်တွင်လည်း NCA ပါ အချက်များအား အကောင်အထည် မဖော်နိုင်သေးသည် များ လည်း ရှိနေသောကြောင့် ထို အကြောင်းအရာများအားလုံးကို မည်ကဲ့သို့ အဖြေရှာနိုင်ရေး ကိစ္စ များအား သက်ဆိုင်ရာ Stakeholder များနှင့် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ဆောင်ရာတွင် အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းများ ဖော်ဆောင်ရန် လိုအပ်နေ သေးသည့်အပြင် ယုံကြည်မှုတည်ဆောက်သည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အခက်အခဲ ကြုံတွေ့နေရပါသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ယန္တရားများ၊ ဘုံမျှော်ရည်ချက်များ (Common Visions) နှင့် ဘုံစံတန်ဖိုးများ (Shared Values)၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို Stakeholder များအကြား တည်ဆောက်ရမည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

သို့ဖြစ်၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းညှိနှိုင်းဆောင်ရွက်နေချိန်တွင် အစိုးရနှင့် တပ်မတော် ဘက်က NCA သဘောတူစာချုပ်တွင် ပါဝင်မှု မရှိသော ခွဲမထွက်ရနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စရပ်များကို ဆွေးနွေးရန်

တင်သွင်းလာပါသည်။ ယင်းကြိုတင်သတ်မှတ်ချက်များကို လက်ခံပြီးမှသာလျှင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် သဘောတူထားသော အကြောင်းအရာများကို ဆက်လက် ဆွေးနွေးမည် ဟူ၍ ဖြစ်နေပါသည်။ မိမိတို့အနေဖြင့် လုံခြုံရေးစနစ်ကို ကျေကျေလည်လည် ဆွေးနွေးပြီးမှသာလျှင် တစ်ခုတည်းသော တပ်မတော် ကဲ့သို့သော ကိစ္စကို ဆက်လက် ဆွေးနွေးရမည်ဖြစ်သည်။

ထို့အပြင် လေးနက်သော နိုင်ငံရေးဆွေးနွေးမှုများရရှိရန် တောင်းဆိုမှုများကို လျစ်လျူရှုခြင်းနှင့် ကန့်သတ်ခြင်း တို့ကြောင့် တိုင်းရင်းသားနယ်မြေများတွင် တိုက်ပွဲများ ဖြစ်ပွားနေပါသည်။ ပုံသဏ္ဍာန် ကွဲပြားမှု အမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည့် ကန့်သတ်ပိတ်ပင်မှုမှ ကင်းလွတ်၍ အားလုံးပါဝင်နိုင်သော နိုင်ငံရေး ဆွေးနွေးပွဲ အခင်းအကျင်းကို ဖန်တီးနိုင်မှသာလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည် ဖြစ်သည်။

အခြေခံမူများချမှတ်ရာတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများသာမက နိုင်ငံရေးဆွေးနွေးပွဲတွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများလည်း ပါဝင်ရမည်ဖြစ်သည်။ NCA သဘောတူစာချုပ်ပါအတိုင်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် အားလုံး ပါဝင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ အားလုံးကို ကိုယ်စားပြုသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းရန် အစဉ်တစိုက် တောင်းဆိုခဲ့ပြီး ၂၀၁၂ ခုနှစ်မှ စ၍ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်လာခဲ့ကာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

KNU သည် NCA သဘောတူစာချုပ်ပါအတိုင်း တစ်ခုတည်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရမည် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်မှု ဖြစ်ရန် အတွက်သော်၎င်း၊ အဖွဲ့အစည်းတစ်ခုလုံး တညီတညွတ်တည်း ပါဝင်ရန် လုံလောက်သည့်ကာလတစ်ခုကို ရယူရန် လိုအပ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တရားဝင်အစည်းအဝေးများတွင် ပါဝင်မှုအား ယာယီရပ်ဆိုင်းထားပြီး အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်း မှတဆင့် ဆွေးနွေးအဖြေရှာသွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် -

ပဒိုစောတာဒိုမူး (အထွေထွေအတွင်းရေးမှူးချုပ်)
(+၆၆) ၆ ၄၆၄၅ ၉၁၁၃၊ (+၉၅) ၉၇၉၅၈၈၇၀၈၅
klomooo@yahoo.com